# သစ်ချိုကုန်းကျေးရွာ

## ပွင့်ဖြူမြို့နယ်၊ မကွေးတိုင်းဒေသကြီး

**ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း** (၂၀၁၇-၂၀၂၁)

**ပြုစုရေးဆွဲသူ**

**ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့**

**သစ်ချိုကုန်းကျေးရွာ၊ ပွင့်ဖြူမြို့နယ်**

**( စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)**

**ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)**

၂၀၁၈ ခုနှစ်၊ နိုဝင်ဘာ လ

## မာတိကာ


စကားချီး

သစ်ချိုကုန်းကျေးရွာအရင်းအမြစ်ပြမြေပုံ၊ ပွင့်ဖြူမြို့နယ်

**အပိုင်း(က)	ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့်အစီအစဉ်**

(၁) နိဒါန်း

(က) ရည်ရွယ်ချက်နှင့်ကျိုးကြောင်းဖော်ပြချက်

(ခ ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

(၂) ပထဝီဝင်အနေအထားနှင့် သဘာဝသယံဇာတအရင်းအမြစ်များ

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား

(ခ ) သဘာဝအရင်းအမြစ်

(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ

(က) လူဦးရေဆိုင်ရာ အချက်အလက်များ

(ခ ) စီးပွားရေးအခြေအနေ-ဝင်ငွေ၊ပိုင်ဆိုင်မှုနှင့်မမျှတမှု

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

(ဃ) ကျန်းမာရေးနှင့် အာဟာရ

(င) ပညာရေးနှင့် ကျွမ်းကျင်မှုများ

(၄) ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးတိုးတက်မှု အခြေအနေ

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

(ခ ) သီးနှံ၊သားငါး ထုတ်လုပ်ရေးကဏ္ဍ

(ဂ) စိုက်ပျိုးရေး၊မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

(ဃ) ပတ်ဝန်းကျင်နှင့်သဘာဝအရင်းအမြစ်များ ဆိုင်ရာစီမံခန့်ခွဲမှု

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

(စ) ပညာရေး၊ကျန်းမာရေး၊ရေနှင့်ပတ်ဝန်းကျင် သန့်ရှင်းရေး

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

(ဇ) အခြေခံအဆောက်အဦးများအား လက်လှမ်းမီမှု-လမ်းတံတား၊လျှပ်စစ်စွမ်းအား၊သတင်းနှင့် ဆက်သွယ်ရေး

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

(၅)ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

(ခ ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

(၆) ပန်းတိုင်နှင့်ဗျူဟာ

(က) ဖွံ့ဖြိုးရေးပန်းတိုင်

(ခ ) အကောင်အထည်ဖော်နည်းဗျူဟာ

(၇) ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် မြို့နယ်နှင့် အထက်အဆင့်မှ

ကူညီဖြေရှင်းပေးရမည့်ကိစ္စများ

(က) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့် ပုံမှန်စိစစ်ခြင်း

(ခ) စိုက်ပျိုးမြေများ ထိရောက်စွာ အသုံးချနိုင်ရေး

(ဂ) ငွေရေးကြေးရေးနှင့် ဘဏ္ဍာလုပ်ငန်းများ

(၈) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် အချိန်ကာလ

(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်

(ခ) ကဏ္ဍနှင့် ရင်းနှီးမြုပ်နှံမှုကို အခြေခံ၍ စီမံချက်အုပ်စု သတ်မှတ်ခြင်း

(ဂ) ဦးစားပေးစီမံချက်များ

(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

(၉) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်

(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့်အစီအစဉ်များ

(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ

(ခ) ဖွံ့ဖြိုးရေးမိတ်ဖက် အဖွဲ့အစည်းများ

(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

(ဃ )ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့အစည်းဆိုင်ရာနှင့်ငွေကြေးဆိုင်ရာအစီအစဉ်များ

၇။ စီမံကိန်း ကြီးကြပ်စစ်ဆေးခြင်းနှင့်အကဲဖြတ်သုံးသပ်ခြင်း

(က) ကြီးကြပ်စစ်ဆေးခြင်း

(ခ ) နည်းပညာဆိုင်ရာအကူအညီ

**နောက်ဆက်တွဲ**

**နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးစီမံချက် အထောက်အကူပြုဇယားများ**

ဇယား ၁ လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား ၂ လုပ်သားအင်အားနှင့် ဝင်ငွေရ လုပ်ငန်းအမျိုးအစား

ဇယား ၃ လုပ်ငန်းနှင့်ကျား၊ မအလိုက်အနည်းဆုံးနှင့် အများဆုံးလုပ်အားခနှုန်းထားများ

ဇယား ၄ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား ၅ ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ

ဇယား ၆ ဥစ္စာဓနအဆင့်အခြေအနေ

ဇယား ၇ ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံးနှစ်နပ်စားနိုင်သည့် အိမ်ထောင်စု

ဇယား ၈ ကူညီစောင့်ရှောက်မှု အထူးလိုအပ်သောအုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ

ဇယား ၉ ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား ၁၀ ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်အုပ်စု

ဇယား ၁၁ ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား ၁၂ ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား ၁၃ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

ဇယား ၁၄ ကျေးရွာ၏ ရေအရင်းအမြစ်နှင့် ရေသွင်းဧရိယာ

ဇယား ၁၅ အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား ၁၆ ကျေးရွာ၏ စိုက်ပျိုးရေးသုံးကိရိယာများ ပိုင်ဆိုင်မှု

ဇယား ၁၇ သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား ၁၈ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ဇယား ၁၉ မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ
ဇယား ၂၀ မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ
ဇယား ၂၁ မွေးမြူရေး နှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့်စိန်ခေါ်မှုများ
ဇယား ၂၂ စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ငန်းများ
ဇယား ၂၃ စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် အခွင့်အလမ်း၊ ပြဿနာနှင့်အခက်အခဲများ
ဇယား ၂၄ ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ
ဇယား ၂၅ ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိကအကြောင်းရင်း
ဇယား ၂၆ ရွှေ့ပြောင်းလုပ်ကိုင်သူများမှ ပြန်ပို့ငွေ
ဇယား ၂၇ ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမှီမှု အခြေအနေ
ဇယား ၂၈ ငွေကြေးလက်လှမ်းမှီမှုနှင့် ဘဏ်လုပ်ငန်း
ဇယား ၂၉ သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ် စီမံခန့်ခွဲမှုအတွက် လက်ရှိ အလေ့အကျင့်နှင့် အခက်အခဲများ
ဇယား ၃၀ မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့် စာတတ်မြောက်မှုနှုန်း
ဇယား ၃၁ ကျောင်းတက်နှုန်း
ဇယား ၃၂ စာသင်ကျောင်းဆောင်အခြေအနေနှင့် ဝန်ဆောင်မှုများ
ဇယား ၃၃ ပညာရေးအခက်အခဲ နှင့် ပြဿနာများ
ဇယား ၃၄ အဖြစ်များသော ရောဂါများ
ဇယား ၃၅ လွန်ခဲ့သော ၁၂လအတွင်း ကာကွယ်ဆေးထိုးနှံမှုများ
ဇယား ၃၆ ကျန်းမာရေးအထောက်အပံ့နှင့် ဝန်ဆောင်မှုများ
ဇယား ၃၇ သောက်သုံးရေရရှိနိုင်မှု
ဇယား ၃၈ အိမ်သာအမျိုးအစား
ဇယား ၃၉ ကျား၊ မရေးရာ ကိစ္စရပ်ဆိုင်ရာ
ဇယား ၄၀ ကျေးရွာ၏ လမ်းတည်ရှိမှုအခြေအနေ
ဇယား ၄၁ ကျေးရွာ၏ တံတားတည်ရှိမှုအခြေအနေ
ဇယား ၄၂ ရေကြောင်း သယ်ယူပို့ဆောင်ရေး
ဇယား ၄၃ သယ်ယူပို့ဆောင်ရေးယာဉ်များ
ဇယား ၄၄ လျှပ်စစ်မီးရရှိမှု အခြေအနေ
ဇယား ၄၅ ဆက်သွယ်ရေး နှင့် သတင်းအချက်အလက်နည်းပညာ အခြေအနေ
ဇယား ၄၆ ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေးအခြေအနေ
ဇယား ၄၇ ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမှီမှု
ဇယား ၄၈ မှုခင်းဖြစ်ပွားမှု အခြေအနေ

**နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာဆန်းစစ်ခြင်းမှ ဖြေရှင်းနည်းအထိ)**

**နောက်ဆက်တွဲ (၃) ဦးစားပေးဆောင်ရွက်မည့် အဆိုပြုစီမံချက်လုပ်ငန်းများ**

**နောက်ဆက်တွဲ (၄) ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့ဝင်များစာရင်း**

**ကိုးကားစာရင်း**

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှ ၂၀၂၁-၂၀၂၂ခုနှစ် ဘဏ္ဍာရေးနှစ်အထိ(၅)နှစ်ကြာ အကောင်အထည်ဖော် ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပထမဆုံးသော လူအများပါဝင် ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ဖြစ်ပါသည်။ကနဦး အနေဖြင့် စီမံချက်ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အား ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူး အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးအကြီးဆုံး အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက် တင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက် ခဲ့ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်း များနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေး ကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက် ရရှိနိုင်သော နေရာများ မှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက် လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့် အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့်အခက်အခဲများ၊ ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်း အစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများစုစည်း ဆောင်ရွက် နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများ ရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန် အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အပိုင်း(၂)ပိုင်း ပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်တို့ ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်း အစီအစဉ်များ၊ ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ ရရှိနိုင်မည့်လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံကိန်းဆိုင်ရာအချက်အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံကိန်း လုပ်ငန်းများ၏ အသေးစိတ်အချက်အလက်များ ပါဝင်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့
သစ်ချိုကုန်းကျေးရွာ
ပွင့်ဖြူမြို့နယ်



မြောက်
အညွှန်း
- တံတား
- ဘုန်းကြီး ကျောင်း
- လမ်း
- အိမ်
- သင်္ချိုင်း
- မြောင်း
- စာသင် ကျောင်း
- စေတီ
- ဓမ္မာရုံ
- လယ်-ယာ

## အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာ နှင့် လုပ်ငန်းအစီအစဉ်

### ၁။ နိဒါန်း

### (က) ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ ပြည်ပအဖွဲ့အစည်း များ၏ နိုင်ငံအတွင်း ဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများရေးဆွဲအကောင်ထည်ဖော်မည့် အစီအစဉ်သစ် ဖြစ်ကြောင်း သိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏ အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူကိုယ်တိုင် တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်က ဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရေး အတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ် ရေးဆွဲပြီးနောက် ကျေးရွာ၏ဖွံ့ဖြိုးရေး ဆိုင်ရာ ကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကို အလေးထားမိ လာကြပါ သည်။ ထို့အပြင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သေ ကိန်း ဂဏန်း၊ သတင်း အချက်အလက်များ ရယူရန်နှင့် ကျွန်ုပ်တို့၏ကျေးရွာစီမံကိန်း အကောင်ထည် ဖော်ရန် လိုအပ်သောနည်းပညာများ ရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါ သည်။

ဤအစီအစဉ်တွင် ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသော ပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့် အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကို အပံ့အပိုးဖြစ်စေသောအချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅)နှစ်တာ ကာလ အပြီးတွင် ရရှိအောင်ဆောင်ရွက်လိုသည့် ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ ကျေးရွာအနေနှင့် ဆောင်ရွက်မည့်နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်း ဖော်ပြ ထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများ လုပ်ဆောင်ရန် လိုအပ်သောအရာများနှင့် ငွေကြေး ရရှိနိုင်မည့် လမ်းကြောင်းများကိုလည်း ဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာ ရှင်များ၊ သတင်းနှင့်ပြည်သူ့ဆက်သွယ်ရေး အဖွဲ့အစည်းများ၏ အာရုံစိုက်မှုကို ရစေပြီး ကျေးရွာ ဖွံ့ဖြိုးရေးနှင့် ပတ်သက်သူမှန်သမျှတို့သည် ဤအစီအစဉ် မှတ်တမ်း၏ အသုံးဝင်မှုများကို သိရှိစေရန် မျှော်လင့်ပါသည်။

### နိုင်ငံတော်အစိုးရအဖွဲ့များအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့၏ ကျေးရွာအဆင့်အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီ များကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊ ပြည်နယ်နှင့် တိုင်း အဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအား တင်ပြမည် ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏ လိုလားချက်နှင့် ၎င်းတို့၏ စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက် ဆောင်ရွက်လာနိုင်မည် ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ(NGOs)၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs)နှင့် အလှူရှင်အဖွဲ့အစည်းများသည် ကျေးရွာလူထု၏ အမှန်တကယ်လိုအပ်ချက်များနှင့် ဦးစားပေး ဆောင်ရွက်ရမည့် လုပ်ငန်းများအား ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက် ဒေသရှိ ငွေကြေးဆိုင်ရာ လိုအပ်ချက်များအတွက် သတင်းအချက်အလက်များ ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော် တို့ ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျွန်တော်တို့ ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏ သုတေသန လုပ်ငန်းများကို စီစဉ်ဆောင်ရွက် လာနိုင်မည် ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့် ပြည်သူ့အရေးရပ်တည်မှုပေးသည့် အဖွဲ့အစည်းများ အနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက်များကို ရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာ ငွေကြေးဆိုင်ရာအဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်း ပေါင်းစည်းဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်း စီစဉ်မှုများ ပြုလာနိုင်ပါမည်။

## (ခ) စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

ကျွန်တော်/ ကျွန်မတို့ ယခင်က ဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲခဲ့ရာတွင် အချိန်ကာလ တစ်ခုအတွင်းသာ ကျွန်တော်/ ကျွန်မတို့နှင့် ရပ်မိရပ်ဖများ အစိုးရ အဖွဲ့အစည်း မဟုတ်သော အခြား အဖွဲ့အစည်းတစ်ခုနှင့် ထောက်ပံ့ပစ္စည်းများအား အခြေခံကာ ကျေးရွာ ဖွံ့ဖြိုးရေး စီမံကိန်းများ ချမှတ်ခဲ့ပါသည်။ ယခုအခါ ကျေးရွာ ဖွံ့ဖြိုးရေး၏ အသီးအမြစ်များ ရေးဆွဲထားပါသည်။

ကျေးရွာ လူထု ဦးဆောင်ပါဝင်နိုင်သည့် စီမံကိန်း နည်းလမ်း ဖြစ်သောကြောင့် လူထု ကိုယ်တိုင်ပါဝင်ခွင့်ရှိပြီး အသိအမြင် နည်းပညာ ဖွံ့ဖြိုးမှုကို လူထုကို အဓိက နေရာထားရှိခြင်း ဖြစ်ပါ သည်။

လူထုအား ပါဝင်စုစည်းခြင်း၊ ဦးစားပေးရွေးချယ်ဆောင်ရွက်ခြင်း ကျေးရွာ၏ ရပ်မိရပ်ဖ၊ ကလေးလူငယ်တို့အား ဖွံ့ဖြိုးမှုကို တိတိကျကျ ပံ့ပိုးမှု အကူအညီပေးရာ ရောက်ပါသည်။

စီမံကိန်း အစီအစဉ်ကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ငွေကြေး၊ နည်းပညာ၊ ပစ္စည်း အခက်အခဲများရှိနေပါသည်။ လျှပ်စစ်မီး မရရှိသောကြောင့် ကျွန်တော်၊ ကျွန်မတို့၏ ကျေးရွာထံ နိုင်ငံတော်အစိုးရနှင့် လျှပ်စစ်ဝန်ကြီးဌာနမှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ထည့်သွင်းစဉ်းစားပေးပါရန် တောင်းခံအပ်ပါသည်။ ကျွန်တော်တို့၏ ကြိုးစားမှုတို့ကို ရှေးရှု၍ နောင်လာမည့် ကြယ်ပွင့်ကလေးများ တဖြည်းဖြည်း ဖွံ့ဖြိုးလာမည် ဖြစ်သည်။

## ၂။ ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းအမြစ်များ

## (က) တည်နေရာ၊ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင်အနေအထား

မကွေးတိုင်း၊ ပွင့်ဖြူမြို့နယ်၊ ရောက်တော ဥယျာဉ်ကျစ် ကျေးရွာအုပ်စု၊ မကြီးကုန်းရွာ၏ အနောက်ဖက် (၅) ဖလုံအကွာ ကားလမ်းကျောက်ခင်းထားသော လမ်းမကြီး၏ တောင်ဘက်တွင် တည်ရှိပါသည်။ အုပ်ချုပ်ရေးရုံးရှိရာ ပွင့်ဖြူမြို့နယ်နှင့် သွားလာရာတွင် အခက်အခဲမရှိ ဆက်သွယ်ရေး လွယ်ကူပါသည်။ကျေးရွာသည် မြေပြန့် ဒေသတွင် တည်ရှိပါသည်။ အဓိက အသက်

မွေးဝမ်းကျောင်းလုပ်ငန်းများမှာ စိုက်ပျိုးရေး ဖြစ်ပါသည်။ ဒေသ၏ မိုးရွာသွင်းရာတွင် တစ်နှစ် ပျမ်းမျှ မိုးရေချိန်လက်မမှာ ၈၀ မှ ၁၀၀ ဝန်းကျင်တွင် ရှိပြီး သီးနှံများ စိုက်ပျိုးရာတွင် အသင့်အတင့် ရှိပါသည်။ကျေးရွာ တည်နေရာတွင် ချိုင့်ပိုင်းတွင် တည်ရှိပြီး သောက်သုံးရေ ကောင်းမွန်ပါသည်။ ကျေးရွာ၏ အနီးတွင် မုန်းချောင်းရှိပါသည်။ သဘာဝ အရင်းအမြစ်များဖြစ်သော သစ်တောများ မရှိပါ။ မြေပြန့် အနေအထား ဖြစ်ပါသည်။ လယ်ယာမြေများမှာ သီးနှံစပါး ၊ ပဲနှင့် ထုတ်ကုန် သီးနှံများကိုသာ အဓိကထား စိုက်ပျိုးကြပါသည်။ ၁၅.၉.၂၀၁၅ တွင် ပွင့်ဖြူမြို့နယ်တွင် အနိမ့်ပိုင်း ကျေးရွာများ ရေကြီး ရေလွှမ်းဒါဏ်ကြောင့် ထိခိုက် ပျက်စီးဆုံးရှုံးမှုများ ခံစားခဲ့ကြသည်။ ကျွန်တော် တို့ ကျေးရွာသည် အဆိုးဆုံးကျေးရွာ ရေကြီးမှုကို ခံစားခဲ့ရသည်။ မုန်းချောင်းမှ အချိန်မရွေး ရေကြီးနိုင်ပြီး ရေလွှမ်းမိုးမှု အန္တရာယ် ဖြစ်ပေါ်နိုင်ပါသည်။

**(ခ) သဘာဝအရင်းအမြစ်**

ကျွန်တော်တို့ ကျေးရွာတွင် လယ်ယာမြေမှာ အသင့်အတင့်ရှိပါသည်။ လယ်မြေ ဓါတ်မြေသြဇာများ လျော့နည်းလာ၍ သီးနှံအထွက် လျော့လာသည်။ ကျေးရွာတွင် သဘာဝ သယံဇာတများ မထွက်ရှိပါ။ လယ်မြေဧက (၁၂၀.၉၆)ဧကသည် ဆည်ရေမှ ရေလွှဲ၍ မြောင်းမကြီးမှ တဆင့် လက်ခွဲမြောင်းမှ ရေပြွန်ကနေ ရေကို လယ်ခြားမြောင်းတွင် ရေသွင်းစိုက်ပျိုးနိုင်သည်။ ယာ၊ ကျွန်းကိုင်းမြေ စုစုပေါင်း ဧကမှာ (၂၁၂.၈၅) ဧက ရှိပြီး စပါး၊ ပဲကို အဓိကထား စိုက်ပျိုးကြသည်။

**၃။ ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ**

**(က) လူဦးရေဆိုင်ရာ အချက်အလက်များ**

အိမ်ထောင်စုပေါင်း (၈၁)စုနှင့် ကျား(၁၅၄)ဦး၊မ(၁၆၁)ဦးဖြင့်လူဦးရေပေါင်း (၃၁၅)ရှိကာ တစ်အိမ်ထောင်လျှင် ပျမ်းမျှ (၃)ဦးနှုန်းရှိပြီး နိုင်ငံတော်၏ တစ်အိမ်ထောင်ပျမ်းမျှနှုန်း (၅)ဦးထက် လျော့နည်းနေသည်။ ကျေးရွာတွင်းရှိ လူဦးရေပေါင်း (၉၀) % ခန့်ရှိပြီး ဗမာလူမျိုးများ နေထိုင်သော ကျေးရွာဖြစ်ပြီး အလုပ်မလုပ်နိုင်သော အရွယ် (၃)%ခန့်ရှိပြီး မွေးရာပါ မသန်စွမ်း ကလေး တစ်ယောက်ဖြစ်ပြီး ပညာရေးနှာလဲ နှောင့်နှေးသည်။ အသက်အရွယ်မှာ (၁၀)နှစ်ရှိပါသည်။ ယခုထိ ပညာ မသင်ကြားနိုင်ပါ။

**(ခ) စီးပွားရေးအခြေအနေ-ဝင်ငွေပိုင်ဆိုင်မှုနှင့်မမျှတမှု**

ကျွန်တော်တို့ ကျေးရွာတွင် အဓိက ဝင်ငွေရရှိရန်အတွက် စိုက်ပျိုးရေးကို အဓိကထား၍ လုပ်ကိုင်ကြရာတွင် တစ်ရွာလုံး၏ ဝင်ငွေမှာ လျော့နည်းနေသည် ဥစ္စာခနအဆင့် သတ်မှတ်မှုတွင် ချမ်းသာသော အိမ်ထောင်စုတွင် (၃)ဦး ၊ အလယ်အလတ်မှာ (၃၃) ဦးရှိပြီး ဆင်းရဲသော အိမ်ထောင်စုမှ (၂၈) ဦး ထိခိုက်လွယ် အလွန်ဆင်းရဲသော အိမ်ထောင်စု (၂၂) ဦးရှိပါသည်။ ကျေးရွာတွင် ဝင်ငွေကောင်းသော အိမ်ထောင်စုက နည်းပါးပြီး ဝင်ငွေရ ကျပန်း အလုပ်သမား များကြောင့် လူနေမှု အဆင့်အတန်းနှင့် အသိပညာ ပိုင်းမှာ နိမ့်ကျပါသည်။ကျပန်း အငှားလုပ်သား များက စိုက်ပျိုးရေးတွင် လုပ်ကိုင်စားသောက်ကြရသည်။ ကျေးရွာတွင် မြေယာမဲ့ အလုပ်သမား အိမ်ထောင်စုက များပြားသည်။

**(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု**

ကျေးရွာသည် မြေမဲ့ယာမဲ့အိမ်ထောင်စုများပြားသော်လည်း ရာသီအလိုက် လယ်ယာ လုပ်ငန်း၊ဆောက်လုပ်ရေးလုပ်ငန်း၊လက်လီ၊ခေါင်းရွက်ဗျပ်ထိုးလုပ်ငန်းများနှင့်ဆန်ကြိတ်စက်၊တစ်နိုင်

တစ်ပိုင် မွေးမြူရေးလုပ်ငန်းများတွင် လုပ်ကိုင်ရှာဖွေနိုင်ကြပါသည်။ ကျေးရွာတွင် ဆင်းရဲသော အိမ်ထောင်စု (၂၂) ဦးသည့် သူတပါးထံမှ ချေးငှားစားသောက်ကြသော်လဲ အခြားအစားထိုး အစားအစာများ မစားရပါ၊ နပ်မှန်အောင် စားသုံးနိုင်ကြပါသည်။ သို့သော်လဲ ကျေးရွာတွင် အကြွေးတင် ခြင်းများ နှစ်စဉ် တွေ့ဆုံနေရသော အိမ်ထောင်စုအားလုံးသည် အလွန်ဆင်းရဲသော အိမ်ထောင်စုများ ဖြစ်ပါသည်။

အလွန်ဆင်းရဲသော အိမ်ထောင်စုများအနက် အမျိုးသမီး ဦးဆောင်သော အိမ်ထောင်စု (၄) စု ဆင်းရဲသော မိသားစု ဦးရေ များသည့် မုဆိုးဖို၊ တစ်ခုလပ် ဦးဆောင်သည့် အိမ်ထောင်စု (၃)စု၊ ထိခိုက်လွယ်သော အိမ်ထောင်စုများ ဖြစ်သည်။ အခြားထိခိုက်လွယ်သော အိမ်ထောင်စု (၁) စာရှိပါသည်။ ယင်း မိသားစုသည် မသန်စွမ်း ကလေး တစ်ယောက်ရှိပြီး ကလေး အသက် (၁၀) နှစ် ကျော်ပြီး ကျောင်းနေအရွယ်ဖြစ်သော်လည်း ပညာ သင်ကြားရန် အခက်အခဲ ဖြစ်နေပါသည်။

မိသားစု၏ စောင့်ရှောက်မှုကင်းသော အသက်ကြီး အရွယ်အို (၃) ဦးရှိပါသည်။ ပြည်တွင်း ပြည်ပသွားလာ ရွှေ့ပြောင်းလုပ်ကိုင်ကြသူ လူငယ်လူရွယ်များသည် လိင်မှတဆင့်ကူးစက်တတ်သော ရောဂါများရှိတတ်သည်။ ကျေးရွာတွင် လူငယ် လူရွယ်များ အရက်သေစာ သောက်စားခြင်းနှင့် လောင်းကစားများ ပို၍ တိုးပွားလာသည်။ ကျေးရွာတွင် အရက်ရောင်းချသော ဆိုင် (၂)ဆိုင်ရှိပါ သည်။ အရက် လိုင်စင် လုံး၀မရှိပါ။ အရက်ခိုးရောင်းကြ၍ ညရေးညတာမှာ အရက်မူးလွန်သော လူငယ်များသည် ဆူပူမှုများပြားလာသည်။

## (ဃ) ကျန်းမာရေးနှင့် အာဟာရ

ကျေးရွာသူ/သား အများစုသည် သာမန်အားဖြင့် ကျန်မာရေးကောင်းမွန်ကြပြီး အာဟာရ ပြည့်၀မှုရှိကြပါသည်။ ကလေးငယ် အများစုလည်း ကျန်းမာကြပါသည်။ သွေးလွန်တုပ်ကွေး ရောဂါသည် ယခုနှစ်ပိုင်းတွင် ပိုမိုဖြစ်ပွားမှုရှိခဲ့ကြောင်းတွေ့ရှိရပါသည်။အမျိုးသမီးလူငယ်/ လူရွယ်/ သက်ကြီးပိုင်တို့သည်လည်း တကိုယ်ရေသန့်ရှင်းရေးနှင့် ကျန်းမာရေးအသိပညာအမြင်များ ရှိကြပါသည်။ ကျေးရွာသားများ အနေဖြင့် အခြေခံ ကျန်းမာရေးစောင့်ရှောက်မှုများကို ကျေးရွာနှင့် ၉မိုင်ဝေးပြီး အလွယ်တကူ သွားလာနိုင်သောမြို့နယ်နှင့် လက်လှမ်းမှီသည်။ ကျေးရွာတွင် လက်နှိပ် တုံကင်၊မော်တာသုံးတုံကင်နှင့် မြေအောက်ရေကို အလွယ်တကူရရှိသုံးစွဲနိုင်ကြပြီး ဝမ်းပျက်၊ ဝမ်းလျှော၊ တိုက်ဖွိုက်၊ အစာအိမ်ရောင်ရောဂါများဖြစ်ပွားမှုအနည်းငယ်သာ တွေ့ရှိရပါ သည်။

## (င) ပညာရေးနှင့်ကျွမ်းကျင်မှုများ

ကျေးရွာတွင် ပညာတတ် နည်းပါးသည်။ သို့သော အခြေခံ အရေးအဖတ်နှင့် အတွက်အချက် တို့ တတ်မြောက်ကြသည်။ စာမတတ်သူဦးရေ (၁၁) ဦး၊ ဘုန်းကြီးကျောင်းပညာရေး (၈၁) ဦးနှင့် ၉ နှစ်အထက် ကျား-မ လူဦးရေပေါင်း (၂၅၂) ယောက်တို့အနက် အတန်းပညာ တက်မြောက်သူ (၁၁)ဦးရှိပြီး ကျန်လူများမှာ အတန်းပညာ လုံး၀ မသင်ကြားခဲ့ရပါ။ မူလတန်း ၊ အလယ်တန်း၊ အထက်တန်း၊ တက္ကသိုလ်တို့၏ ပညာသင်ကြားနေသော ကျောင်းသား/သူများလည်း ရှိပါသည်။ ကျွန်တော်၊ ကျွန်မတို့ ကျေးရွာတွင် ယခု လက်ရှိ စာသင်ကျောင်းသည် အ.မ.က ကျောင်းခွဲ ဖြစ်ပါသည်။ ကလေးလူငယ်များသည် စာမေးပွဲ ဖြေဆိုရန် သွားလာရာတွင် အခက်အခဲ ဖြစ်ပေါ် နေပါသည်။ သယ်ယူပို့ဆောင်ရေး၊ ယာဉ် အန္တရာယ်၊ တိရစ္ဆာန်များ၏ အန္တရာယ် စိုးရိမ်ရပါသည်။ ကျေးရွာ၏ စာသင်ကျောင်းမှာ ရွာနှင့် ကပ်လျက် တည်ရှိပါသည်။ အဆိုပါ ကျောင်းမှာ သွပ်မိုး၊ နံရံ အုတ်ပတ်ကာ အခင်းမှာ ကွန်ကရစ် တစ်ထပ်ကျောင်းဆောင် ဖြစ်ပါသည်။ကျောင်းအတွင်း ကျောင်းသုံး ပရိဘောဂ

ပစ္စည်းများ လုံလောက်မှု နည်းပါးပါသည်။ စာသင်ခုံမလုံလောက်ပါ။ ကျောင်းအိမ်သာသည် ယင်လုံအိမ်သာ ဖြစ်ပြီး အခြေအနေ ကောင်းပါသည်။ ရပ်မိရပ်ဖများမှ စာသင်နေသော ကလေးသူငယ်များကို ၆ လ တစ်ကြိမ် အလှူရှင် ပေါ်လာလျှင် (၂-၃) ကြိမ် ကလေးများကို ကျွေးသော အာဟာရ ၊ ဆန်ပြုတ်၊ မုန့်ဟင်းခါး ၊ကြာဇံဟင်းခါး တိုက်ကျွေးပါသည်။

ယခု လက်ရှိတွင် ကျောင်းဆရာဦးရေမှာ မ-၁ ဦးသာ နိုင်ငံတော် အစိုးရက ခန့်ထားပြီး၊ ကျေးရွာမှ ဆရာမတစ်ဦးငှား၍ ခန့်ထားပါသည်။ကျောင်းသား ၄၈ ဦးနှင့် ဆရာမ ၁ ဦးရှိပါသည်။ ငှားရမ်းခန့်ထားသည့် ဆရာမ ၁ ဦး ရှိသော်လည်း ကလေးများသည် ကျောင်းသုံးစာအုပ်နှင့် စာရေး ကိရိယာများ လုံလောက်မှု နည်းပါးပါသည်။ ကလေး ကျောင်းစရိတ် နည်းပါးသည့် မိသားစုများရှိပါသည်။ ကျောင်းဝန်းအတွင်း အားကစား ပစ္စည်းနှင့် လက်လှမ်းမီမှု နည်းပါးပါသည်။

မိဘ ဆရာအကြောင်းအရာများကို ဆွေးနွေးတိုင်ပင်မှုများ နည်းပါးပါသည်။ ကျေးရွာတွင် ယခု အချိန်ထိ ပညာ မသင်ကြားနိုင်သော ကလေးတစ်ယောက်ရှိပြီး အဆိုပါ ကလေးမှာလည်း မသန်စွမ်းသူ ဖြစ်နေခြင်း ဖြစ်ပါသည်။ ကလေးများ၏ ပညာရေးကို ရှေးရှု၍ ကျောင်းတွင် လိုအပ်သော ဆရာအင်အားနှင့် ခြံစည်းရိုး၊ ထပ်မံတိုးခဲ့ ဆောင်ရွက်ရန် ကျောင်းဆောင်၊ ပရိဘောဂ၊ စာရေးကိရိယာတို့ကို လုံလုံလောက်လောက် ချထားပေးရန်နှင့် အ.မ.က ခွဲ ကျောင်း ဖြစ်ပါသောကြောင့် ကလေးများ၏ ပညာရေး နှောင့်နှေးခြင်း၊ စာမေးပွဲ ဖြေဆိုရာတွင် အသွားအလာ ခက်ခဲခြင်းများ ကြုံတွေ့နေရပါသောကြောင့် အထက်တန်းကျောင်းအဖြစ်သို့ တည်ထောင်ပေးပါရန် ပညာရေး ဝန်ကြီးဌာနထံ အဆိုပြု တောင်းခံ တင်ပြဆောင်ရွက်သွားပါမည်။

### (စ) ကျား/မရေးရာကိစ္စဆိုင်ရာ

ကျေးရွာတွင် ကျား/မ ရေးရာ ကိစ္စဆိုင်ရာ လွတ်လပ်မှု ရှိကြသည်။ ကျားနှင့် မအကြားတွင် အိမ်တွင်း အကြမ်းဖက်မှုများနှင့် ခွဲခြားဆက်ဆံခြင်းများ မရှိကြသည်ကို တွေ့ရှိရသည်။ ကျေးရွာ လူမှု အဖွဲ့အစည်း၏ စံနှုန်းများ ကောင်းမွန်စွာ သတ်မှတ်ထားသည်။ စီမံခန့်ခွဲမှု စနစ်တွင် အမျိုးသမီး များက တက်ကြွမှု ပိုအားကောင်းသည်။

အမျိုးသမီးများက ကျေးရွာတွင် ဖွံ့ဖြိုးမှုများ လုပ်ကြရာတွင် စီမံခန့်ခွဲမှု စနစ်မှာ အမျိုးသား များ ပါဝင်မှုနည်းခြင်း၊ စီမံခန့်ခွဲမှု စနစ်မှာလည်း ပါဝင်မှု နည်းပါးပါသည်။ အသောက် အစားနှင့် လောင်းကစားဘက်တွင် ပိုမိုအားကောင်းသည်။ အဖွဲ့ဖွဲ့ခြင်းနှင့် စီမံခန့်ခွဲမှုမှာ အင်အား လျော့နည်း လာသည်။

အမျိုးသမီးနှင့် အမျိုးသမီးများသည် တရားဥပဒေကို နည်းမလည် သဘောပေါက်မှု နည်းပါး၍ ဥပဒေအသိပညာပေးခြင်းဆွေးနွေးခြင်းတို့ကို မြှင့်တင်ပေးရန် တင်ပြအပ်ပါသည်။

## ၄။ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှု အခြေအနေများ

### (က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု

ကျေးရွာတွင် လူမှုရေးဆိုင်ရာအဖွဲ့အစည်း(၃)ဖွဲ့ ဘာသာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာအဖွဲ့(၁) ဖွဲ့နှင့် စီးပွားရေးဆိုင်ရာအဖွဲ့(၂)ဖွဲ့တို့ရှိသည်။ စာသင်ကျောင်း အကျိုးတော်ဆောင်အဖွဲ့ (၁)ဖွဲ့နှင့် လူမှုရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပြီး လှုပ်ရှားဆောင်ရွက်မှု အားနည်းပါသည်။ အဖွဲ့ အစည်းဆိုင်ရာ သဘောတရားတို့နှင့် ပတ်သက်၍ အားနည်းကြပြီး အဖွဲ့အစည်းများ စွမ်းဆောင်ရည် တိုးမြှင့်ရေး သင်တန်းများရှိပါက ကဏ္ဍအသီးသီးဖွံ့ဖြိုးမှုဆိုင်ရာ အုပ်ချုပ်မှု ပိုမို တိုးတက်ကောင်း မွန်လာနိုင်ပါသည်။

## (ခ) သီးနှံ၊သားငါး ထုတ်လုပ်ရေးကဏ္ဍ

စိုက်ပျိုးမြေ တိုးချဲ့နိုင်မှု မရှိပါက စိုက်ပျိုးမြေသည် မြေဆီများ လျော့နည်းလာခြင်းကြောင့် စိုက်ပျိုးသော ပျိုးပင်များ အပင်ပေါက် မရဘဲ သီးနှံထွက်နှုန်းလဲ လျော့နည်းလာရသည်။ သီးနှံအထွက်တိုးစေရန် ဓာတုဆေးများ သုံးရသောကြောင့် ဆေးများမှ ဈေးကြီးပေး၍ ဝယ်ရခြင်း၊ လူထုအပေါ်နှင့် လယ်မြေ ယာမြေတို့ကိုလည်း ဆိုးကျိုးကိုသာ ရရှိစေပါသည်။

တောင်သူများသည် စိုက်ပျိုးရေးအဓိက ထားရသောကြောင့် ငွေကြေး ရင်းနှီးမှုမှာ မလုံလောက်ဘဲထုတ်ချေးရာတွင် အချိန်နှောင်းမှ ရခြင်း၊ အရင်းအနှီးငွေ မလုံလောက်မှုများ ကြုံရပါသည်။ ရေအရင်းအမြစ် ရရှိမှု လယ်မြေ လုံလောက်အောင် ရရှိပြီး ယာမြေတို့မှာ ဆည်ရေမသောက်ရဘဲ စက်ရေတင် စနစ်ဖြင့် မြေအောက်ရေကို အသုံးပြုကြသည်။လုံလောက်မှု မရှိသော်လဲ နှောင့်နှေးခြင်း အချိန်မမီခြင်း၊ နောက်ကျမှု ဖြင့် ဖျတ်သိမ်းရခြင်းနှင့် သီးနှံအဖက်ပိုးများ စုံလှပါသည်။

စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်ရာတွင် အငှားလုပ်သားများပြားခြင်းကြောင့် ဝမ်းစာအတွက် မလုံလောက်၍ ရွှေ့ပြောင်းသွားလာခြင်းများနှင့် လုပ်သားရှားခြင်း၊ လုပ်ငန်းကျွမ်းကျင်သူ နည်းပါးဖြင်းများ ဖြစ်ပေါ်လာသည်။ လုပ်အား ငှားရမ်းခနှင့် စိုက်ပျိုးစရိတ် မြင့်မားနေသည်။

စိုက်ပျိုးမြေ ရှားပါးခြင်း၊ ယာမြေ ဆည်ရေသောက် စနစ် ပြောင်းလဲခြင်း၊ ပိုးသတ်ဆေးနှင့် ပင်ကောင်းဆေး စသည့် ဆေးများက အဆမတန် ဈေးကြီးနေခြင်း၊ မြေဆီဩဇာ လျော့နည်းခြင်း ငွေကြေး လုံလောက်မှု ရရှိရန် စိုက်ပျိုးရေး ဌာနနှင့် အစိုးရဘဏ်ဆေး ကုမ္ပဏီများနှင့် ပူးပေါင်းဆောင်ရွက်ပေးရန် အစိုးရကစိုက်ပျိုးရေး ထုတ်ကုန်နှင့် သွင်းကုန်တို့ကို ဈေးကွက်ရနိုင်ရေး ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

## (ဂ) စိုက်ပျိုးရေး၊မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

ကျေးရွာတွင် ဒေသတွင်း ထုတ်ကုန်မရှိပါ။ အခြားဝင်ငွေရ ကျပန်း အငှားလုပ်သားများသို့ ဝင်ငွေရ လုပ်ငန်းများနှင့် နေ့စား အလုပ်များ လုပ်ကိုင်နေကြသည်။ ပုဂ္ဂလိကနှင့် ဆွေမျိုးများထံ အတိုးပေး၍ ဝမ်းစာ ဖြေရှင်းရသည်။ အတိုးများ အဆမတန် တိုးပေးရသည်။ ပုဂ္ဂလိကနှင့် ဆွေမျိုးများထံအတိုးပေး၍ ဝမ်းစာဖြေရှင်းရသည်။အလုပ်သမားများသည် ဝင်ငွေရနည်းသော ရွှေ့ပြောင်းသွားလာမှုများ၍ ကျွမ်းကျင်အလုပ်သမားများ ရှားလာသည်။ ကျေးရွာတွင် လူငယ်များနှင့် လူကြီးများသည် အရက်သေစာ သောက်စားကြသူများ ဖြစ်ပြီး အရက်ရောင်းသူထံတွင် အစိုးရ၏ လိုင်စင်မရှိဘဲ အရက်ရောင်းချခြင်း၊ စည်းလုံးမှုနှင့် ရပ်အကျိုးရွာအကျိုး ဆောင်ရွက်ရာတွင် ပါဝင်ခြင်း မရှိတော့သည်။ ကျန်းမာရေး မကောင်းဖြစ်သော အခါ ပြင်ပဆေး ဝယ်ယူရာတွင် ဈေးကြီးပေး၍ ဝယ်ရသည်။ သယ်ယူပို့ဆောင်ရာတွင် ကျောက်ခင်းသော လမ်းမှာ တဖြေးဖြေး ပျက်စီးလာသည်။

အခွင့်အလမ်းမှာ အလုပ်အကိုင်ကောင်းနှင့် ဝင်ငွေများ ရရှိရန်၊ ဈေးရောင်းဈေးဝယ် ရောင်းချရာတွင် အရင်းအနှီးလုံလောက်မှု ရရှိရန် ချေးငွေ လုံလောက်မှု ပေးရန်၊ ဆေးဆိုင်များမှ ဈေးတင်ရောင်းချနေသော ဆေးများ လျော့ပေးရန်၊ ကျေးရွာတွင် အရက်ပုံးရောင်းချမှု ပပျောက်ရန်၊ အသံချဲ့စက်နှင့် ပတ်ဝန်းကျင် ဆူညံစေသော စက်များ အချိန်နာရီသတ်မှတ်ပေးရန်၊ အသိပညာနှင့် အတတ်ပညာတို့ကို ကျေးရွာ ရပ်မိရပ်ဖများနှင့် လူငယ်များနှင့် သင်ကြားပေးစေခြင်း တင်ပြအပ် ပါသည်။

## (ဃ) သဘာဝပတ်ဝန်ကျင်နှင့် သယံဇာတစီမံခန့်ခွဲမှု

ကျွန်တော်တို့ ကျေးရွာတွင် စပါး၊ ထောပတ်၊ စတော်ပဲ၊ နှမ်းတို့ကို အဓိကထား၍ စိုက်ပျိုးရာတွင် စိုက်ပျိုးသမျှ သီးနှံတို့သည် ရောဂါပိုးများ အဖျက်မြန်ခြင်း ပိုးသတ်ဆေးများ ဝယ်၍ အသုံးပြုရာတွင် ဆေးများက အစွမ်းအထက်ဘဲ ဈေးပို၍ ကြီးနေခြင်း၊ ဓာတုဆေးများအသုံးပြုများ လာရသောကြောင့် သီးနှံအထွက်လျော့ခြင်း မြေဆီလွှာများ ကျဆင်းလာသည်။

သဘာဝပတ်ဝန်းကျင်အနေအထားမှာ ဘုန်းကြီးကျောင်းစေတီသည် ကုန်းမြင့်တွင်တည်ရှိပြီး ကျေးရွာသည် အနိမ့်ပိုင်းတွင် တည်ရှိသည်။ အ.မ.က ခွဲ စာသင်ကျောင်းသည် ပို၍ နိမ့်သည်။ ရေကြီး ရေလွှမ်းလျှင် ကျောင်းသို့ ဝင်ရောက်သည်။ ယာမြေ ကိုင်းကျွန်းမြေမှာ အနိမ့်ဆုံးအပိုင်းတွင် တည်ရှိပြီး ရုတ်တရက် ရေကြီးလျှင် စိုက်ပျိုးသီးနှံများ ပျက်စီးမှု အများဆုံးဖြစ်သည်။

သစ်ချိုကုန်းကျေးရွာတွင် ၂၀၁၅ ခုနှစ်ရေကြီး ရေလွှမ်းမှု ဖြစ်ပေါ်ရာတွင် တောင်သူဦးကြီး များသိုလှောင်ထားသော စပါးနှင့် ကုလားပဲများ အများဆုံးဆုံးရှုံးခဲ့ပြီး ပမာဏ သိန်း (၁၀၀)-(၂၀၀) ခန့် ဆုံးသည့် အပြင် ယာမြေမှ စိုက်ပျိုးသော သီးနှံနှင့် လယ်မြေမှ ပျိုးထောင်သော စပါးပျိုးပင်နှင့် နှမ်းများ ပျက်စီးခဲ့ကြောင်း သိရသည်။ကျေးရွာတွင် သယံဇာတ ပစ္စည်းများ မထွက်ရှိပါ။ ဆည်မြောင်းဝန်ကြီးဌာနမှ ပြည်သူများနှင့် ကျေးရွာတို့ ကြိုတင်အသိပေးမှုများ မရှိခဲ့ပါ။ စိုက်ပျိုး ရေးဦးစီးဌာန၊ ဆည်မြောင်းဦးစီးဌာန၊ ဆေး ကုမ္ပဏီတို့ကို အဆိုပြု တင်ပြအပ်ပါသည်။

## (င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ကျွန်တော်တို့ ကျေးရွာတွင် လယ်မြေ ပိုင်ဆိုင်မှု နည်းသည်။ သမဘဏ်မှလည်း ငွေထုတ် ချေးခြင်း၊ နိုင်ငံတော် အစိုးရဘဏ်မှာလည်း ငွေထုတ်ချေးခြင်းတို့ကြောင့် ချေးငွေများကို စိုက်ပျိုးရေး တွင် အသုံးပြုကြသည်။ သီးနှံမျိုးစေ့များ ဝယ်ယူရာတွင် မျိုးဈေးကြီးခြင်း ငွားရမ်းခ မြင့်တက်လာ ခြင်းတို့ကြောင်း ချေးငွေမှ မလုံလောက်မှု ဖြစ်ပေါ်လာခြင်းနှင့် စရိတ်သက်သာရန် မျိုးများ ပတ်ဖြန်း သည့် စနစ်ဖြင့်စိုက်ပျိုးရသည်။ စနစ်တကျ စိုက်ပျိုးနိုင်မှု မရှိခြင်းများ လေ့လာတွေ့ရှိရပါသည်။

ကျေးရွာတွင်ပြင်ပ အဖွဲ့အစည်းများမှ မတည်ငွေနှင့် ပတ်မြန်မာဟူ၍ ကျေးရွာလူထု အကျိုးပြု အသင်း တည်ထောင်ခဲ့ပြီး ရပ်မိရပ်ဖများက ပတ်မြန်မာမှ ချေးငွေကို အသုံးပြု၍ ဝမ်းစာအတွက်နှင့် စိုက်ပျိုးရေးအတွက် အသုံးပြုကြသည်။ ပြန်ဆပ်ချိန်မှာ ၃ လတစ်ကြိမ် အတိုးနှုန်းမှာလည်း ၃ ကျပ်တိုးဖြင့် ချေးယူကြရသည်။

ဘဏ်နှင့်ငွေကြေးသည် စိုက်ပျိုးရာတွင်ငွေကြေးလုံလောက်မှု မရှိခြင်း အခြားရွာများနှင့် ချေးပြီး ငွေကြေး လယ်၊ယာတို့ စရိတ်သုံးပြီးမှ ဘဏ်မှ ကျွန်တော်တို့ကျေးရွာအားနောက်ကျမှ ထုတ်ချေးရခြင်း၊ ပြန်ဆပ်ချိန်မှာလဲ အခြားရွာများနှင့်တန်းတူ ပြန်ဆပ်ကြရသည်။ ဘဏ်မှ ငွေကြေး ဝန်ဆောင်မှုများကို အပြည့်အဝ ပေးရန်နှင့် ငွေထုတ်ချေးရာတွင် အချိန်နှင့်တပြေးညီ တန်းတူညီမျှ ဝန်ဆောင်မှု ရရန် တောင်းဆိုပါသည်။

## (စ) ပညာရေး၊ကျန်းမာရေး၊ရေနှင့်ပတ်ဝန်ကျင်သန့်ရှင်းရေး

ကျေးရွာတွင် အမက ကျောင်းခွဲတွင် ပထမတန်းနှင့် စတုတ္ထတန်းထိ ရှိပါသည်။ အမက ခွဲစာသင်ကျောင်းမှာ အလျား ၆၀ အနံ ၃၀ အမြင့် ၁၂ ပေ ဖြစ်ပြီး အမိုးမှာ သွပ်မိုးဖြစ်ပါသည်။ အကာမှာ အုတ်ပတ်၊ အခင်းမှာ ကွန်ကရစ်ခင်းဖြစ်ပါသည်။ ရပ်မိ ရပ်ဖ တော်တော်များများက ရေးတတ်ဖက်တတ်ကြရသည်။ဘုန်းကြီးကျောင်းစာသင်ရေးမှာ ၃ % ရှိပြီး စာလုံးဝ မတက်မြောက် သူ ၁

% ရှိပါသည်။ ယခု လက်ရှိမူလခွဲကျောင်းတွင် ပညာ သင်ကြားနေကြသည်။ စာသင်ကျောင်း တွင် ပရိဘောဂနှင့် အားကစား ပစ္စည်းများ လုံလောက်မှု မရှိသေးပါ။ကျောင်းတွင် ပညာသင်ကြား နေသော ဆရာမတစ်ဦးသာ ရှိပါသည်။ ပထမတန်းနှင့် စတုတ္ထတန်းကို သင်ကြားရာမှ ပြည့်ပြည့်ဝဝ ပညာရေး ဝန်ကြီးဌာနမှ ချပေးပါရန် တောင်းဆိုပါသည်။ ကျောင်းဆရာတစ်ဦးအား ပညာရေးဝန်ကြီး ဌာနမှ ချထားပေးပါရန် တောင်းဆိုပါသည်။ ကျေးရွာမှာလဲ ကလေးများကို စာသင်ပေးရန် အရပ်ဘက်မှ တစ်ဦးငှားရမ်း၍ သင်ပေးနေရပါသည်။ ကလေးများ၏ ပညာရေး ရေးရှုသော အားဖြင့် ကျောင်းဆရာ/ဆရာမ တစ်ဦးနှင့် ကျောင်းဆောင်တိုးချဲ့ထွင်း၍ ဆောက်လုပ်ပေးရန်နှင့် စာသင်ကျောင်းနှင့် ကလေးများ လုံခြုံမှု ရှိရန်နှင့် ခြံစည်းရိုးများလဲ ဆောက်လုပ်ပေးပါရန် တောင်းခံအပ်ပါသည်။

ကျေးရွာတွင် ကျန်းမာရေးဆေးပေးခန်းမရှိပါ။ အရန်သားဖွားဆရာမတစ်ဦးရှိပါသည်။ ကျေးရွာသူ/သားများ၏ ကျန်းမာရေးကို အဓိကထား၍ ကျန်းမာရေးဆေးပေးခန်း အဆောက်အဦ တည်ဆောက်ပေးပါရန်နှင့် သစ်ချိုကုန်းကျေးရွာတွင် ကလေးသူငယ်နှင့် အသက်ကြီးရွယ်အို ကျောင်းသူ/သားများကျန်းမာရေးဆေးပေးခန်းသာရရှိလျှင် ပို၍ စိတ်ချမ်းသာ၍ အားကိုးအားထားရမည်ဟု မျှော်လင့်မိပါသည်။

ကျွန်တော်တို့ ကျေးရွာတွင် ရေသည် သန့်ရှင်းကြည်လင်၍ ရေချိုရရှိသည် လုံလောက်မှုလဲရှိသည်။ သို့သော် ကျေးရွာတွင် ပြင်ပ အဖွဲ့အစည်းက ကျေးရွာသန့်ရှင်းမှုကို အသိပညာပေး ခဲ့ရာတွင် လမ်းဘေးတွင် မိုးရေ (သို့) ရေဆိုးများကို ထုတ်ရန် ရေများမြောင်းသယ်ပေးခဲ့သည်။ ရေမြောင်းမှာ မြေသားဖြစ်သောကြောင့် မကြာခဏ ပျက်စီးမှုများ တွေ့ကြုံရသည်။ ရေများမှာ မြေကြီးပိတ်နေခြင်းကြောင့် ရေအိုင်များ ရှိသည်။ ထိုရေမြောင်းများကို မြေသားမြောင်းမှ ကွန်ကရစ်မြောင်းအဖြစ် ပြုပြင်ပေးပါက ကျေးရွာသန့်ရှင်းမှုများ ကောင်းလာမည် ဖြစ်ပါသည်။

## (ဆ) လူငယ်နှင့်ယဉ်ကျေးမှု

လူငယ်များအတွက် အပန်းဖြေ အနားယူနိုင်မည့် အနေအထားသီးသန့်မရှိပါ။ သူတို့သည် ကျေးရွာရှိ လူမှုရေးလုပ်ငန်းများတွင် တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်ကြပြီး ဘာသာရေး ပွဲတော်များတွင်လည်း ရိုးရာအကများဖြင့် တင်ဆက်ဖျော်ဖြေမှုများကို လုပ်ဆောင်လေ့ ရှိကြပါသည်။ ကျေးရွာဖွံ့ဖြိုးလုပ်ငန်းများအတွက် ဆောင်ရွက်သည့် ဖွံ့ဖြိုးရေးလုပ်ငန်း သီးသန့်ဖော်ဆောင်နိုင်ခြင်း မရှိပါ။

## (ဇ) အခြေခံအဆောက်အအုံ-လမ်းတံတား၊လျှပ်စစ်စွမ်းအား၊သတင်းနှင့် ဆက်သွယ်ရေး

ကားလမ်းနှင့် ကျေးရွာအကွာအဝေးမှာ ပေ ၂၅၀၀ ကျော် အရှည်ရှိပြီး ကိုယ်ထူကိုယ်ထ ခင်းထားသော ကျေးလက်ခင်းလမ်းဖြစ်ပြီး လမ်း၏ အကျယ်မှာ ၁၀ ပေခန့်ရှိသည်။ ကားနှင့် ဆိုင်ကယ် စက်ဘီးတို့ ဆောင်ရာတွင် အန္တရာယ်ကြီးလှပြီး သက်ဆိုင်ရာဌာနမှလမ်းခဲ့ပေးပါရန် တောင်းဆိုအပ်ပါသည်။

ကျွန်တော်တို့ ကျေးရွာတွင် လျှပ်စစ်မီး မရရှိသေးပါ။ အိမ်ထောင်စု ၈၁ စုရှိပါသည်။ ကျေးရွာမှ ကျေးရွာသူ ကျေးရွာသားများက လျှပ်စစ်မီး ရရှိရန် ကြိုးစား၍ မျှော်လင့်နေကြပါသည်။ ၈၁ အိမ်အား လျှပ်စစ်မီးသွယ်တန်းရန် ကြိုးပမ်းဆောင်ရွက်နေကြပြီး လျှပ်စစ်မီး ရရှိပါက ကလေးများ၏ အသိပညာ အတတ်ပညာ၊ ဗဟုသုတနှင့် ဆက်သွယ်ရေး ဖွံ့ဖြိုးရေး ယဉ်ကျေးမှု တိုးတက်လာမည် ဖြစ်သည်။ကျောင်းသားကျောင်းသူများ စာဖက်ချိန်တွင် ဘက္ကထရီ၊ ဆိုလာ၊ ဖယောင်းတိုင်အသုံးပြုရခြင်းကြောင့် မျက်စိအားစိုက်ရခြင်း၊ နွေအခါတွင်လည်း မီးဘေးအန္တရာယ်

စိုးရိမ်ရခြင်း၊ မိုးသက်လေပြင်းများ ကျရောက်စဉ် အသုံးပြုရမှု ခက်ခဲခြင်း၊ ချက်ပြုတ်ရာတွင်လည်း လောင်စာအဖြစ် ထင်းကိုအသုံးပြုရခြင်းတို့ကြောင့် သစ်တောပြုန်းတီးခြင်း၊ စီးပွားရေး၊ လူမှုရေး အဆင့်အတန်းများ မြင့်မားလာနိုင်ပါသည်။

ကျွန်ုပ်တို့ ကျေးရွာကို လျှပ်စစ်မီးလင်းပေးရန် လျှပ်စစ်ဝန်ကြီးဌာနနှင့် အဘက်ဘက်မှ ဝန်ကြီးဌာနအား ကူညီပေးပါရန် သစ်ချိုကုန်း ကျေးရွာအား လျှပ်စစ်မီးလင်းပေးပါရန် အဆိုပြု တောင်းခံအပ်ပါသည်။

ကျေးရွာတွင် သတင်းနှင့် ဆက်သွယ်ရေးကို လေဒီယို၊ တီဗွီ၊ မိုဘိုင်း ဆက်သွယ်ရေးကို ဈေးကွက်နှင့် အခြားလူမှု ဝန်ဆောင်မှုလုပ်ငန်းအတွက် ပြုလုပ်ကြသည်။ သတင်းအချက် အလက်များ ရရှိရန်အတွက် ဆိုလာနှင့် တွဲ၍ အသုံးပြုသူ နည်းပါးပါသည်။

**(ဈ) တည်ငြိမ်အေးချမ်းရေးနှင့် ပြည်သူ့လုံခြုံရေး**

ကျေးရွာတွင် ရာဇဝတ်မှုခင်း ဖြစ်ပွားမှု နည်းပါးပြီး တည်ငြိမ်အေးချမ်းမှုကြောင့် ကုန်စည် ကူးသန်းရောင်းဝယ်မှုကို ချောမွေ့စေသည်။ သို့သော် ရွာသားများသည် မိုဘိုင်းတယ်လီဖုန်း ဆက်သွယ်ရေးကို အသုံးပြုနိုင်ကြပြီး လိုအပ်သော သတင်းအရင်းအမြစ်များအတွက် လိုအပ်သလို ဆက်သွယ်သိရှိနိုင်သည်။ ကျေးရွာတွင် သဘာဝဘေးအန္တရာယ်လျော့ပါးရေး အစီအစဉ် သီးသန့် ရေးဆွဲထားခြင်း မရှိပါ။ ရွာသားများသည် ရဲစခန်းသို့ အလွယ်တကူ ချိတ်ဆက်နိုင်ပြီး ကျေးရွာတွင် ရာဇဝတ်မှု ဖြစ်ပွားခြင်း နည်းပါးသည်။ ဖုန်းများအားသွင်းရာတွင် ဆိုလာနှင့် သွင်းရပြီး မိုးအုံ့လျှင် အားသွင်း ခက်ခဲသည်။

**၅။ ဖွံ့ဖြိုးရေး အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ၊ အဟန့်အတားနှင့် စိန်ခေါ်မှုများ**

**(က) ဖွံ့ဖြိုးရေးအတွက် အထောက်ပံ့ဖြစ်စေမည့် အခြေအနေများ**

ကျေးရွာတွင် လျှပ်စစ်မီးကို မဟာဓါတ်အားလိုင်းမှ ချိတ်ဆက်သုံးစွဲနိုင်သဖြင့် ထင်းသက်သာ သည့် လျှပ်စစ်မီးဖိုဖြင့် ချက်ပြုတ်ခြင်း၊ကျောင်းသူ/ကျောင်းသားများအတွက် စာဖတ်ချိန် အထောက်အပံ့ဖြစ်ခြင်းစသော လူနေမှုအဆင့်အတန်း မြင့်မားလာရေးအတွက် အထောက်အကူပြု ပါသည်။လူငယ်ပညာတတ်များရှိပြီး လူဦးရေ အများစု၏ ၆၈ ရာခိုင်နှုန်းမှာ အလုပ်လုပ်နိုင်သော အရွယ်များ ဖြစ်ကြပါသည်။ ဘွဲ့ရအရေအတွက်မှာ အသင့်အတင့်ရှိပြီး ကျွမ်းကျင်မှုနှင့် အသက် မွေးဝမ်းကျောင်း သင်တန်းများကို လူငယ်များအား လေ့ကျင့်သင်ကြားပေး ခြင်းဖြင့် လူသားအရင်း အမြစ်များကို တိုးတက်ကောင်းမွန်စေပါမည်။ ကျေးရွာလူထု၏ ကျန်းမာရေး အခြေအနေမှာ ယေဘုယျအားဖြင့် ကောင်းမွန်ပြီး ကျန်းမာရေးပံ့ပိုးပစ္စည်းများနှင့် ဝန်ဆောင်မှုများ ကိုလည်း ထပ်မံ၍ လေ့ကျင့်သင်ကြားပေးရန် လိုအပ်ပါသည်။ ကျေးရွာသားများအနေဖြင့် စိုးရိမ်ရသော ဆေးဝါးကုသ လိုမှုအတွက်လည်း ပွင့်ဖြူဆေးရုံးသို့ သွားရောက်ပြီး ကုသမှုများ ခန်ယူနိုင်ကြသည်။ ကျေးရွာတွင် စာသင်ကျောင်းဆောင်နှင့် ပံ့ပိုးပစ္စည်းများမှာ လက်ရှိပညာရေး အနေအထားအတွက် လုံလောက် မှုမရှိပါ စာသင်ဆောင်မှာလည်း ကျောင်းသားအင်းအားနှင့် စာလျှင် ကျဉ်းမြောင်းလှပါသည်။

သဘာဝအရင်းအမြစ် လယ်မြေများသည် မြေပြန့်ဒေသဖြစ်ပြီး မြေဆီသြဇာအသင့်အတင့် ကောင်းမွန်မှု ရှိပါသည်။ တောင်သူများသည် လယ်ယာပို့ကုန်ကို အလွယ်တကူ သယ်ယူပို့ဆောင် ပေးနိုင်သည်။ မိုးရွာသွန်းမှုမှာ စပါးနှင့် ဆောင်သီးနှံများစိုက်ပျိုးရန် အထောက်အပံ့ ဖြစ်သည်။

ကျေးရွာတွင် မဲဇလီရေလွှဲဆည်မှ ဧွေးစပါး(၂၀၀)ဧက အတွက် ရေသွင်း စိုက်ပျိုးနိုင်သည်။ ကျေးရွာ တွင် ပွင့်ဖြူစလင်းနှင့် မင်းဘူးမကွေးမြို့များသို့ ကတ္တရာကားလမ်းဖြင့် ကူးသန်းသွားလာ နိုင်သည်။ လမ်းပန်ဆက်သွယ်ရေး ကောင်းမွန်သဖြင့် ကျေးရွာထွက်ကုန်များကို အချိန်မီ တင်ပို့ရောင် ချနိုင်သည်။

ကျေးရွာတွင် မွေးမြူရေး ထွက်ကုန်ရောင်းချရန်ဈေးကွက်ကောင်းသဖြင့် ကြက်၊ဝက်နှင့် နွားကို တိုးချဲ့ မွေးမြူရန်အခွင့်အလမ်းသာသည်။ သို့သော် မွေး/ကုဦးစီးဌာနမှ လိုအပ်သော နည်းပညာပိုင်းဆိုင်ရာ ပံ့ပိုးမှုကိုလည်း တိုးမြှင့်ဆောင်ရွက်ပေးရန် လိုအပ်သည်။

## (ခ) အဟန့်အတားနှင့်စိန်ခေါ်မှု

ကျေးရွာမှ လယ်ယာမြေများမှာ မြေဆီလွှာအသင့်အတင့် ကောင်းမွန်သည်မှအပ အခြား သယံဇာတများ မထွက်ရှိပါ။ လယ်ယာမြေကို ထပ်မံတိုးချဲ့ရန်မှာ မဖြစ်နိုင်သဖြင့် လယ်သမားများ အဖို့ အထွက်နှုန်း တိုးမြှင့်အောင် အားစိုက်ရပေမည်။

မဲဇလီရေလွှဲဆည်မှ ရေသွင်းစိုက်ပျိုးနိုင်သော်လည်း နောက်ပိုင်းတွင် ရေသွင်းမြောင်းတိုးချဲ့ ဆောက်လုပ်ပြီး ရေသွင်းစိုက်ပျိုးနိုင်မည့် စိုက်ဧကတိုးတက်စေရန် ဆောင်ရွက်သင့်ပါသည်။ ထို့အပြင် ပိုးသတ်ဆေးအချို့ကို ခံနိုင်သော ဖျက်ပိုးများသည်လည်း ကုလားပဲစိုက်ခင်းများတွင် ကျရောက် တတ်သည်။ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ နည်းပညာဆိုင်ရာဝန်ဆောင်မှုကို ရရှိနိုင်သော်လည်း ဖျက်ပိုးနှိမ်နင်ရေးနှင့် ပတ်သက်၍ ထိရောက်စွာ အကောင်အထည်ဖော်ပေးသော အစီအစဉ် မရှိသေးပါ။ တောင်သူများ အနေဖြင့် ဘက်စုံပိုးမွှားနှိမ်နင်ရေး ကျင့်သုံးနိုင်ရေး အထောက်အပံ့များ ရရှိရန် လိုအပ်သည်။ ကျေးရွာတွင် ငွေတိုးချေးသူများရှိသော်လည်း အတိုးနှုန်းမှာ မြင့်မားတတ် သည်။ဘဏ်များမှ ကျေးရွာအရောက် ဝန်ဆောင်မှုပေးသော စနစ်လည်း မရှိပဲချေးငွေ လိုအပ်သော အိမ်ထောင်စုများမှာ စီးပွားရေးဘဏ် ဖွံ့ဖြိုးရေးဘဏ်များမှာ ငွေချေးရန်စာရွက်စာတမ်း လိုအပ်ချက် များ ဖြည့်စွက်ရာတွင် အခက်အခဲ ကြုံတွေ့ရတတ်သည်။

ကျေးရွာတွင် အိမ်တွင်းမှု ထုတ်ကုန်လုပ်ငန်းမရှိသဖြင့် အလုပ်အကိုင်နှင့် ဝင်ငွေရရှိရေး အတွက် အကန့်အသတ်ရှိနေပါသည်။ ဒေသတွင်လည်း အိမ်တွင်းမှု ထုတ်ကုန်လုပ်ငန်း အတွက် ကုန်ကြမ်း၊အသိပညာ၊အတတ်ပညာများ အားနည်းပါသည်။

## ၆။ ပန်းတိုင်နှင့် မဟာဗျူဟာ

## (က) ဖွံ့ဖြိုးရေးပန်းတိုင်

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အဖွဲ့နှင့်တိုင်ပင်ညှိနှိုင်းပြီး လာမည့်ငါးနှစ်တာ ကာလအတွက် ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို အောက်ပါအတိုင်း ချမှတ်ထားပါသည်-

(က.၁) ကျွန်ုပ်တို့ ကျေးရွာတွင် မူလတန်းကျောင်း၊ ကျေးလက်ဆေးပေးခန်း၊ လျှပ်စစ်မီး၊ လမ်းတံတားများ ရရှိလာပါက ကျေးရွာ၏ ပညာရေး၊ ကျန်းမာရေး၊ ကူးသန်းရောင်းဝယ်ရေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သည်။

(က.၂) ကျွန်ုပ်တို့ ကျေးရွာတွင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများအတွက် လိုအပ်သော နည်းပညာနှင့်ငွေကြေးအရင်းအနှီးများ မျိုးကောင်းမျိုးသန့်များ ရရှိလာမည်ဆိုပါက ကျေးရွာ ၏ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးချဲ့ လုပ်ကိုင်နိုင်ကြမည် ဖြစ်ပြီး ကျေးရွာလူထု၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သည်။

(က.၃) ကျွန်ုပ်တို့ကျေးရွာတွင် လူငယ်နှင့် ပတ်သက်သော အသိပညာပေး သင်တန်းများ ၊ ဟောပြောပွဲများ၊ အားကစားပွဲများ ပုံမှန် ကျင်းပပြုလုပ်ပေးမည် ဆိုပါက ကျေးရွာရှိ လူငယ်များ၏ စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သည်။

**(ခ) အကောင်အထည်ဖော်နည်းဗျူဟာ**

ကျွန်ုပ်တို့သည် အထက်တွင်ဖော်ပြထားသော ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို ရောက်ရှိရန် အောက်ပါအကောင်အထည်ဖော်မှုများကို ဆောင်ရွက်သွားကြမည်-

(ခ.၁) ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့သည် ကျေးရွာ မူလတန်းကျောင်း၊ ကျေးလက်ဆေးပေးခန်း၊ လျှပ်စစ်မီးလင်းရေး၊ လမ်း၊ တံတားများ ရရှိနိုင်ရန်အတွက် သက်ဆိုင်ရာ ဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည် ဖြစ်သည်။

(ခ.၂) ကျွန်ုပ်တို့ကျေးရွာ ဖွံ့ဖြိုးရေးအဖွဲ့သည် စိုက်ပျိုးရေး၊ မွေးမြူရေး လုပ်ငန်းများအတွက် လိုအပ်သော ငွေကြေး အရင်းအနှီးနှင့် နည်းပညာများ ရရှိစေရန် အတွက် စိုက်ပျိုးရေး ဦးစီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနတို့နှင့် ချိတ်ဆက်ဆောင်ရွက်သွားမည် ဖြစ်ပါ သည်။

(ခ.၃) ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့သည် လူငယ်များ စိတ်ပိုင်းဆိုင်ရာ ရုပ်ပိုင်းဆိုင်ရာများ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် သက်ဆိုင်ရာ ဌာနများ၊ INGO အဖွဲ့များနှင့် ချိတ်ဆက် ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

(ခ.၄) စိုက်ပျိုးရေး လုံလောက်စွာ ရရှိစေရန်၊ စားကျက်မြေလုံလောက်စေရန် သက်ဆိုင်ရာဌာနများ နှင့် ချိတ်ဆက် ဆောင်ရွက်သွားပါမည်။

**နောက်ဆက်တွဲ (၂)**

**ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ**

**(၁) ကျေးရွာလူမှုစီးပွားရေးအခြေအနေ**

(က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား ( ၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

| အသက်အုပ်စု | | ကျား | မ | စုစု ပေါင်း | မသန်စွမ်းသူ အရေအတွက် | |
|---|---|---|---|---|---|---|
| | | | | | ကျား | မ |
| ၁ နှစ် အောက် | နို့စို့အရွယ် | ၃ | ၃ | ၆ | | |
| ၁ နှစ်မှ ၄ နှစ် | ၅ နှစ်အောက်ကလေးငယ် | ၁၁ | ၇ | ၁၈ | | |
| ၅ နှစ်မှ ၉ နှစ် | မူလတန်းကျောင်းသားအရွယ် | ၁၃ | ၁၀ | ၂၃ | | |
| ၁၀ နှစ်မှ ၁၄ နှစ် | အလယ်တန်းကျောင်းသားအရွယ် | ၁၀ | ၇ | ၁၇ | | |
| ၁၅ နှစ်မှ ၆၄ နှစ် | အလုပ်လုပ်နိုင်သည့်အရွယ် | ၁၀၉ | ၁၁၄ | ၂၂၈ | | |
| ၆၅ နှစ် နှင့် အထက် | သက်ကြီးရွယ်ကြီး | ၈ | ၁၅ | ၂၃ | | |
| စုစုပေါင်း | | ၁၅၄ | ၁၆၁ | ၃၁၅ | | |
| စုစုပေါင်း အိမ်ထောင်စု | | ၈၁ | | | | |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

**မှတ်ချက်။ ။အသက်အုပ်စု၁နှစ်အောက်ဆိုသည်မှာ မွေးကင်းစမှအသက် (၁) နှစ်မပြည့်မီအရွယ်၊ ၁နှစ်မှ၄နှစ်ဆိုသည်မှာ အသက် (၁) နှစ်ပြည့်အရွယ်မှ (၅) နှစ်မပြည့်မီအရွယ်၊ ၅နှစ်မှ၉နှစ်ဆိုသည်မှာအသက် (၅) နှစ်ပြည့်သည်မှအသက် (၁၀)နှစ်မပြည့်မီအရွယ်၊ ၁၀နှစ်မှ၁၄နှစ်ဆိုသည်မှာအသက် (၁၀) နှစ်ပြည့်သည်မှအသက် (၁၅) နှစ်မပြည့်မီအရွယ်၊ ၁၅နှစ်မှ၆၄နှစ်ဆိုသည်မှာ အသက်(၁၅)နှစ်ပြည့်သည်မှ အသက် (၆၅) နှစ်မပြည့်မီအရွယ်၊ အသက်၆၅နှစ်နှင့် အထက်ဆိုသည်မှာ အသက် (၆၅) နှစ်ပြည့်အရွယ်နှင့်၎င်းထက်အသက်ကြီးသည့်အရွယ်များကိုဆိုလိုသည်။**

လေ့လာတွေ့ရှိချက်။ ။ ကျွန်ပ်တို့ရွာတွင် တစ်နှစ်အောက် နို့စို့အရွယ် (၆)ဦးရှိသည်။ ကျန်းမာရေးဌာနမှာလည်း ကာကွယ်ဆေး လစဥ် နှစ်စဥ် ကုသပေးပါသည်။ တစ်နှစ်မှ ၅ နှစ်အောက် ကလေးငယ် (၁၈)ဦးရှိသည်။ သစ်ချိုကုန်းရွာတွင် အစိုးရ သားဖွားဆရာမ (၁) ဦးရှိပါသည်။ ဆေးပစ္စည်းများ မပြည့်စုံပါ။ ၉ နှစ်အထက်မှ ၁၅ နှစ်အထိ အလယ်တန်း ကျောင်းသားအရွယ်မှာ (၁၇) နှစ်ဦးရှိသည်။ ၅ နှစ်မှ ၉ ဦးအထိ မူလတန်းကျောင်းသားအ ရွယ် (၂၃) ဦးရှိပါသည်။ အမက ကျောင်းတွင် ကျောင်းသူ/သားများ တက်ရောက်ကြပါသည်။ စာသင်ကျောင်းတွင် အဆောက်အဦနှင့် ပရိဘောဂ ပစ္စည်း ပြည့်စုံမှုမရှိပါ။ ကျောင်းအားကစားကွင်းလည်းမရှိပါ၊ အားကစား ပစ္စည်းများလည်း မပြည့်စုံပါ။ ကျောင်းဆရာ/မလည်းမလုံလောက်ပါ။ သို့ဖြစ်ပါ၍ ကျောင်းသူ/သား ပညာရေး နှောင့်နှေးရပါသည်။ ၁၅ နှစ်အထက်မှ ၆၀ နှစ်ထိ အလုပ်လုပ်နိုင်သည့်အရွယ် ၂၂၈ ယောက်ရှိသော်လည်း လက်လုပ်လက်စား ကျပန်း အငှား လုပ်ကိုင်စားသောက်သူ များလုပါသည်။ ၆၀ နှစ်အထက် သက်ကြီးရွယ်အို ၂၃ လောက်ရှိပါသည်။ သစ်ချိုကုန်း ကျေးရွာသူ/သားများသည် စီးပွားရေးမှာလည်း နိမ့်ကျသူများ ဖြစ်သည်။

(ခ) အလုပ်လုပ်နိုင်သူအင်အား

(ခ-၁) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်း အဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| **စိုက်ပျိုးစီးပွား လုပ်ငန်းများ** | | | | | | | | |
| ၁ | **လယ်ယာစိုက်ပျိုးရေး** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၄၂ | ၅၂ | ၄၂ | | | ၁၄ | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၂၉ | ၃၆ | ၂၉ | | | ၁၄ | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၂ | **တိရစ္ဆာန် မွေးမြူရေး** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၂ | ၂ | ၈ | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၃ | **ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၁ | ၃ | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၄ | **သစ်တောလုပ်ငန်း** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၁ | ၄ | - | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| **စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ** | | | | | | | | |
| ၅ | **သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | - | - | - | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၆ | **ထုတ်ကုန်လုပ်ငန်း** | | | | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီးမှန်ရာ<u>တစ်ခု</u> <u>ကိုသာ</u>ရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| | ကိုယ်ပိုင်လုပ်ငန်း | - | - | - | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၇ | **လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | - | - | - | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၈ | **ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | - | - | - | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၉ | **ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | - | - | - | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၀ | **ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | - | - | - | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၁ | **လက်လီ- လက်ကား ရောင်းဝယ်ရေး** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၂ | ၂ | ၃ | | | ၄ | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၁ | ၁ | ၁ | | | ၁ | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၂ | **ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | - | - | - | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်း အဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၃ | **ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၂ | ၂.၅ | ၆ | | | ၁ | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၁ | ၁ | ၁ | | | ၁ | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၄ | **ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | - | - | - | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၅ | **အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | - | - | - | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၆ | **ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့်ဘေးကင်းလုံခြုံရေး)** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | - | - | - | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၇ | **ပညာရေး** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | - | - | - | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၈ | **ကျန်းမာရေး** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | - | - | - | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၉ | **လူမှုရေး လုပ်ငန်းများ** | | | | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ် ပြီးမှန်ရာတစ်ခု ကိုသာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီး ဦးဆောင် သည့်အိမ် ထောင်စု | ဦးရေ ကျား | ဦးရေ မ | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၂၀ | **အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | - | - | - | ☒ |
| | အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား | ၁ | ၅ | - | - | - | - | |
| ၂၁ | **ပြင်ပအဖွဲ့အစည်းများနှင့်ကုမ္ပဏီများတွင်လုပ်ကိုင်သူများ** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | **စုစုပေါင်း** | ၈၁ | ၁၀၀ | ၆၂ | | | ၄၀ | ☒ |

**ရင်းမြစ်** … (၁) **အိမ်ထောင်စုစာရင်းကောက်ယူမှု၊** (၂) **ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။**

**မှတ်ချက်။ ။"အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ"** အရေအတွက်တွင် **"မိသားစုဝင်လုပ်အား" ထပ်မံထည့်သွင်း** ကောက်ယူခြင်း မပြုရပါ။ **"ရပ်တည်နိုင်မှု (နိမ့်၊လတ်၊မြင့်)"** ဆိုသည်မှာဖော်ပြပါ လုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ ဝန်ထမ်းအဖြစ်လုပ်ကိုင်လိုသူများ အတွက် အလုပ်အကိုင် အခွင့်အလမ်းရရှိနိုင်မှုအခြေအနေ ကိုဆိုလိုပါသည်။ဥပမာ –**"စိုက်ပျိုးရေး"** ကဏ္ဍ၏ **"ကိုယ်ပိုင်လုပ်ငန်း"**တွင် ရပ်တည်နိုင်မှု **"မြင့်"** ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တစ်ခုလုပ်ကိုင်ရန်အခွင့်အလမ်းများ နေသည်ဟုဆိုလိုပါသည်။

